# ဂုဏ်ယူစရာအရဗီဘာသာ

အလ်ရှိုက်(ခ်)အဗ္ဗဒူရ်ရဟ်မာန်စုဒိုက်(စ်) (ﷲ حفظه)သည် ၁၄ – ၉ – ၂၀၁၂ သောကြာနေ့ ဂျုမ္မာအဟ် ခွသ်ဗဟ်ကို ကအ်ဘာဝတ် ကျောင်းတော်တွင် ဂုဏ်ယူစရာအရဗီဘာသာ ဆိုသည့် ခေါင်းစဉ်နှင့် ခွသ်ဗဟ်မိန့်ခွန်းဟောကြားခဲ့ပါသည်။ ၎င်းခွသ်ဗဟ်မိန့်ခွန်း၌ အရဗီ ဘာသာ၏အရေးကြီးပုံ၊ မွတ်စလင်မ်တို့သည် ၎င်း အရဗီဘာသာနှင့် ပတ်သက်၍ လျစ်လျူရှုပုံများ၊ ၎င်းအရဗီဘာသာကို သင်ယူရန် မေ့လျော့နေခြင်းများကို တင်ပြပြီးနောက် စလဖ် ရှေးသူမွန်သူမြတ်တို့ သည် အရဗီဘာသာကိုသင်ယူရန် မည်သို့မည်ပုံ ရမွှက်ထားခဲ့ကြောင်း၊ ၎င်းအရဗီဘာသာကို မိမိတို့၏သားသမီးများကို သင်ပေးခဲ့ပုံများ၊ ၎င်းအရဗီဘာသာနှင့်ပတ်သက်၍ ဆုပေး ဒဏ်ပေးစနစ် ကျင့်သုံးခဲ့ ပုံများ၊ ထိုရှေးသူမွန်သူမြတ်တို့၏ အဆိုအမိန့်များနှင့် ခေတ်တိုင်း၊ မြို့တိုင်း၌ ၎င်းအရဗီဘာသာကို မွတ်စလင့်တို့ ရင်ခွင်မှ ပပျောက်ရန် ရန်သူတို့သည် မည်သို့ကြံစည်ခဲ့ပုံများနှင့် တိုက်ခိုက်ခဲ့ပုံများ၊ ကျွန်ုပ်တို့ လက်ရှိမြင်နေရသော မွတ်စလင်အများစု၌ အရဗီဘာသာနှင့် ပတ်သက်၍ ပေါ့ဆမှုများဖြစ်ပေါ်စေရန် ခေတ်တိုင်းနှင့် မြို့တိုင်းတွင် အရဗီဘာသာကိုအလေးအနက်ထားလိုသည့်စိတ်၊ မွတ်ဆလင်တို့၏ နှလုံးသားမှ ပပျောက်စေရန် ရန်သူတို့သည် မည်သို့ကြံရွယ်ခဲ့ကြ ကြောင်း၊ တိုက်ခိုက်ခဲ့ကြကြောင်း ကိုလည်း သင်ပြခဲ့သည်။

ယခုဆရာကြီး မိန့်ခြွေခဲ့သည့် မိန့်ခွန်းအနက်မှ အချို့သော မိန့်ခွန်းများကို တင်ပြပါရစေ။

အလ္လာဟု အရှင်မြတ်အား ချီးမွမ်းထောပနာပြုပြီးနောက် အမိန့်ရှိသည်မှာ မွတ်ဆလင်အပေါင်းတို့ခင်ဗျား – အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသောအလ္လာဟ်အရှင်မြတ်အမိန့်ကို နာခံကြပါ။ ထိုအရှင်မြတ်အမိန့်ကို ကြောက်ရွံ့ကြပါ။ ထိုအရှင်သည် အသင်တို့အား အချိန်တိုင်းစောင့်ကြည့်နေသည်ဟု မှတ်ယူပါ။ ထိုအရှင်၏ အမိန့်ကို မဖီဆန်ကြပါနှင့်။ ဧကန်မုချ သက္ကဝါတရားသည် လက်ရှိအသက်ရှင်နေသော သက်တမ်းနှင့် သေပြီးနောက် ပြန်ဆက်ရမည့် သက်တမ်းအတွက် အကောင်းဆုံးသော ရိက္ခာဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ ထိုမှတပါး အသင်တို့သည် စားနပ်ရိက္ခာစသည်များကို (လုံလောက်စွာ) ဆောင်ယူကြကုန်လော့။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာ (ခရီးစရိတ်)မှာ (ဒုစရိုက်မှုတို့မှရှင်း အကြောင်းမဲ့လက်ဖြန့် တောင်းရမ်း စားသုံးခြင်းမှရှင်း) ကြဉ်ရှောင်ခြင်းပင်တည်း၊ သို့အတွက်ကြောင့် အိုး ဆင်ခြင်တုံတရားနှင့် ပြည့်စုံသောသူအပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်ကို ကြောက်ရွံ့ရိုသေခန့်ငြားကြကုန်လော့။ (၂း၁၉၇)

"မွတ်ဆလင် ညီနောင် အပေါင်းတို့ခင်ဗျား"

ဧကန်မုချ မွန်မြတ်လှသော အရဗီဘာသာနှင့်ပတ်သက်၍ ကျွန်ုပ်တို့အပေါ်၌ အမှန်တကယ် ကျေပွန်ရန် တာဝန်ဝတ္တရားရှိသည်။ ၎င်းဝတ္တရား အနက်မှ အချို့မှာ အရဗီဘာသာနှင့် အကျိုးခံစားခြင်း၊ အရဗီဘာသာကို တန်ဘိုးထားခြင်း၊ အရဗီဘာသာကို ထိခိုက်စေမည့် ကိစ္စနှင့်ပတ်သက်၍ အလျင်အမြန် ခုခံကာကွယ်ခြင်းစသော ကိစ္စများ ဖြစ်သည်။

"အစ္စလာမ့်လူစုကြီးခင်ဗျား"

ဇေကန်မုချ စလဖ်ခေါ် ရှေးသူမွန်သူမြတ်တို့သည် အရဗီဘာသာကို အလွန်အလေးအနက်ထားခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့၏ကလေးငယ်များကိုအရဗီဘာသာ၌ အမှားအယွင်း တစုံတခု ပြုခဲ့မိသည်ကို တွေ့ခဲ့လျှင် အပြစ်ပေးလေ့ရှိပြီး ၎င်းအရဗီ ဘာသာကို ရှင်းလင်းလှပစွာနှင့် ပြောဆိုနိုင်လျှင်၎င်း၊ ရေးနိုင်လျှင်၎င်း၊ ဆုပေးလေ့ရှိသည်။

အုမရ်ဗင်(န်)ခဃ်သွာဗ် (ရသွေ့) သခင်သည် ပြောလေ့ရှိသည်မှာ - အရဗီဘာသာကို သင်ယူကြကုန်လော့၊ ဇေကန်မုချ ၎င်းအရဗီဘာသာသည် မှတ်ဉာဏ်ကိုဖွံ့ဖြိုးစေပြီး အလွန်ကောင်းမွန်သော စိတ်ဓါတ်များကို ရှင်သန်တိုးပွားစေသည်။

အအ်မရှ်သခင်သည် လူတစ်ဦး အရဗီစကားကိုပြောရာ၌ သဒ္ဒါအရမှားနေသည်ကို ကြားရသော ဤသို့ ဆို၏။ ယခုပြောဆိုနေသူမှာ မည်သူနည်း။ ၎င်းပြောဆိုနေသောစကားကြောင့် ကျွန်ုပ်၏ နှလုံးသား နာကြင်နေရသည်။

ရှိုက်ခွလ်အစ္စလာမ်အိဗ်န သိုင်မီယာ (ဉ၂)သခင်ကဆိုသည်။ ဇေကန်မုချ အရဗီဘာသာကို သင်ယူခြင်း သည် သာသနာ့ကိစ္စရပ်အနက်မှ ဖြစ်သည်။ ၎င်းအရဗီဘာသာကို တက်မြောက်ရန်မှာ အရေးကြီးသော ဖရဇ်တာဝန် ဖြစ်သည်။ ၎င်း ကုရ်အာန်နှင့် စွန္နသ်ကို နားလည်ရန်မှာအရဗီဘာသာကိုနားလည်မှသာလျှင်သဘောပေါက် နားလည်နိုင်သည်။ ဝါဂျိဗ်တာဝန်ကို ပြီးပြည့်စုံစေမည့် ကိစ္စရပ်တိုင်းသည်လည်း၊ ဝါဂျိဗ်အရေးကြီးသောကိစ္စ ဖြစ်သည်။ ဇေကန်မုချ အရဗီ

ဘာသာကို သင်ယူခြင်းသည်ဝင်း၊ သင်ပေးခြင်းသည်ဝင်း၊ ဖရဖ်စ် ကေဖါယာဟ် ဖြစ်သည်။ အဗူမူစာအရှ်အရီး (ﷺ)သခင်၏ စာရေး တစ်ယောက်သည် အုမရ် ရသွေသခင်ထံ စာရေးပေးသည်။ စာ၏ အစ၌ (မင်နိအဗီမူစာ) ဟုရေးရမည့်နေရာတွင် (မင်နိ အဗူမူစာ)ဟု ရေးလိုက်သည်။ ဝင်းစာကို အုမရ်(ﷺ )ရသောအခါ စာပြန်ပို့၍ ဝင်းစာရေးကို ကြိမ်ဒဏ်ရိုက်ရန်နှင့် ဝင်းစာရေးကို တခြား စာရေး တစ်ယောက်နှင့် ပြောင်းခိုင်းစေခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးကျယ်ပါ၏။ ကုရ်အာန်၏ ဘာသာစကားနှင့် ပတ်သက်၍ ဝင်းတို့၏ မခံချင်စိတ်မှာ မည်မျှကြီးမားလှပါသနည်း။

ခလီဖါမာအ်မူန်သည် မိမိ၏ခလေးငယ်တချို့အား အရဗီ ဘာသာ၌ မှားယွင်းနေမှုများကို သိမြင်သွားသော အခါ ဤသို့ဆို၏။ အရဗီဘာသာကို သင်ယူခြင်းသည် သင်တို့အပေါ်၌ မည်သို့မျှ ကိစ္စမရှိ။ ဝင်းအရဗီဘာသာဖြင့် မိမိ၏နှုတ်လျှာကို ပြုပြင်နိုင်သည်။ မိမိသည် မိမိ၏အပေါင်းအဖော်များ အပေါ်ထက်မြင့်မားလာမည်။ မိမိ၏မြင်ကွင်း ကို လှပစေမည်။ မိမိ၏ အသံတိတ်စေမည့် ဆင်ခြင်တုံတရားများသည် လမ်းလွဲသူများ၏အထောက်အထား များကို လျော့နည်းစေနိုင်မည်။

အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးကျယ်လှပါသည်။ ဧကန်မုချ၊ အရဗီဘာသာသည် အီမာမ်ရှာဖိအီ (ﷺ) သခင် တင်ပြခဲ့ သကဲ့သို့ဖြစ်သည်။ အီမာမ်ရှာဖိအီ (ﷺ) တင်ပြသည်။ အရဗီဘာသာ သည်အလွန်ကျယ်ဝန်းသော ဘာသာရပ်တစ်ခုဖြစ်သည်။ အလွန်များ ပြားသော စာလုံးများဖြင့် အဓိပ္ပါယ်ဖွင့်နိုင်သည်။ ဤသာသနာတွင် ဝင်းအရဗီဘာသာ၏ အဆင့်အတန်းသည် အလွန်မြင့်မားလှသည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့အားလုံး၏အပေါ်တွင် အရဗီဘာသာ၏သဒ္ဒါစည်းမျဉ်း၊ စည်းကမ်းများကို ထိန်းသိမ်းရန် မွတ်(စ်)သဟာဗ်(သို့) ဝါဂျစ်(ဗ်) တာဝန်ဖြစ်သည်။

၎င်းနောက် ကျွန်ုပ်တို့သည် အရဗီဘာသာကို မှန်ကန်ပီသလာသည်အထိ ပြုပြင်ကြိုးစားသွားရမည် ဖြစ်ပေသည်။ အလ်လာမာရှာသိဗီသခင်ဆိုသည့် ဇကန်မုချ ရှရီအသ်သည် အရဗီဖြစ်သည်။ ၎င်းရှရီအာဒ်သ်ကို မှန်ကန်စွာ နားလည်နိုင်မှ အရဗီဘာသာကို မှန်ကန်စွာ သဘောပေါက်မှသာလျှင် ဖြစ်နိုင်သည်။ အကယ်၍ (တစ်ဦးတစ်ယောက်အား) အရဗီဘာသာကို အခြေခံအဆင့် တက်မြောက်သူဟု သတ်မှတ်နိုင်လျှင် ၎င်းသူရှိရီအသ်ကို လေ့လာ၍ တက်မြောက်မှုစံနှုန်းသည် အခြေခံအဆင့်၌သာ ရှိသေးသည်။ အကယ်၍ အရဗီဘာသာကို အလယ်တန်းအဆင့် တက်မြောက်ထားလျှင် ၎င်းသူရှိရီအသ်ကို လေ့လာတက်မြောက်မှုသည် အလယ်တန်းအဆင့် တက်မြောက်ထားသူဖြစ်သည်။ အကယ်၍ အရဗီဘာသာရပ်၌ အဆင့်အမြင့်ဆုံးကို သင်ယူထားလျှင် ၎င်းသူရှိရီအသ်ကို လေ့လာတတ်မြောက်မှုမှာ အရဗီဘာသာကို လေ့လာခဲ့သည့် အဆင့်အတန်းအတိုင်းသာ ဖြစ်မည်။

အစွလာမ့်လူစုကြီးခင်ဗျား

ဒါကြောင့် အရဗီဘာသာနှင့်ပတ်သက်ပြီး ရန်သူတို့သည် အမျိုးမျိုးကြံမ်းမောင်းခဲ့ကြသည်။ အရဗီဘာသာကို မှန်းတီးစိတ်ဝင်လာအောင် ကြိုးပမ်းခဲ့ကြသည်။ နောက်ဆုံးရန်သူတို့သည် မိမိတို့၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အခိုင်အမာ

ဆုံးဖြတ်ခဲ့သည့် မင်္ဂလာမရှိသည့် ဆုံးဖြတ်မှုများကို ဖွင့်ဟ တင်ပြခဲ့ပါသည်။ ရင်းရန်သူတွေထဲကတစ်ဦးက ဤသို့ပြောခဲ့သည်။ မွတ်ဆလင်တွေ အရဗီစကားကို ပြောနေသမျှ ကာလပတ်လုံး ကုရ်အာန်ကိုဖတ်ရှုလေ့လာနေသမျှကာလပတ်လုံး ငါတို့ဘယ်တော့မှ အောင်နိုင်မှုရမှာမဟုတ်ဘူး။ သို့ဖြစ်သောကြောင့် ငါတို့သည် ရင်းမွတ်ဆလင်တို့၏ထံမှ ကုရ်အာန်ကိုပပျောက်အောင် လုပ်ရမည်။ ရင်းမွတ်ဆလင်တွေရဲ့နှုတ်လျှာကနေ အရဗီကို ဆွဲနှုတ်ပစ်ရမည်။

"မွတ်ဆလင်အပေါင်းတို့ခင်ဗျား"

ရင်းရန်သူတွေရဲ့ကျူးလွန်စော်ကားမှုတွေ ရှိနေသော်လည်း ပဲ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျမ်းစာအုပ်ကို ထိန်းသိမ်းခြင်းဖြင့် အရဗီဘာသာသည်လည်း ဧကန်အမှန် ထိန်းသိမ်းခံနေရသည် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် အမိန့်ရှိသည်။

ဧကန်စင်စစ် ငါအရှင်မြတ်သည်ပင်လျှင် (ဤ)ဆုံးမဩဝါဒ (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့လေသည်။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည်ပင်လျှင် ယင်းဆုံးမဩဝါဒကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့်အရှင်မြတ်လည်း ဖြစ်တော်မူသတည်း။ (၁၅း၉)

နောက်ဆုံးအနေနဲ့ပြောမယ်။ အာရပ်အပေါင်းတို့ အသင်တို့ လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးမှာ အောင်မြင်မှုရဖို့အတွက် မိမိတို့၏ အရဗီဘာသာကို လက်မလွှတ်ပါနှင့်။ အသင်တို့၏ သားသမီးတွေကို အရဗီဘာသာကို သင်ပေးပါ။ အရဗီဘာသာနှင့် စောင့်ရှောက်မှုပေးပါ။

**စီစဉ်သူ**

**အိက်ဗာလ် အဟ်မဒ်**